## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

### မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

### (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁ / ၂၀၀၅)

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့တွင်ပါရှိသော "မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့" ဆိုသည့်စကားရပ်ကို "မြို့နယ်မှတ်ပုံတင်အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

> "၁၀။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်ရန် ပျက်ကွက်မှု ရှိ မရှိ၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှု ရှိ မရှိနှင့် ထိမ်ချန်မှု ရှိ မရှိတို့ကို သက်ဆိုင်သည့် မြို့နယ်မှတ်ပုံတင်အဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရမည်။"

၄။ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၃။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မှတ်ပုံတင်ရန် တာဝန်ရှိသူ မည်သူမဆို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် မှတ်ပုံတင်ရာ၌ တမင် မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။"

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ